WWF

REPORT 2020



# အာရှဈေးကွက် ၅ ခုတွင် COVID-19 နှင့် တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုဆိုင်ရာ သဘောထားစစ်တမ်း

## ၂၀၂၀ မတ်လ စစ်တမ်းမှ တွေ့ရှိချက်များ

A REPORT FOR WWF BY

GLOBESCAN

## ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာကို GlobeScan က ပြုစုပြီး WWF က ထုတ်ဝေခြင်း ဖြစ်ပါသည်။

### WWF

ကမ္ဘာ့အကြီးဆုံး နှင့် အများလေးစားမှု အခံရဆုံးသော အမှီအခိုကင်းသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းများ အနက် တစ်ခု ဖြစ်ပြီး၊ ကမ္ဘာ့အဝှမ်း နိုင်ငံပေါင်း ၁၀၀ကျော်တွင် ထောက်ခံ အားပေးသူ ၅သန်းကျော်၏ အကူအညီဖြင့် လည်ပတ်ဆောင်ရွက်နေသော အဖွဲ့ကြီး ဖြစ်ပါသည်။ WWF ၏ လုပ်ငန်း ရည်မှန်းချက်မှာ ဇီဝမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ရေရှည်တည်တံ့နိုင်သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို အသုံးပြုရန် နှင့် ပတ်ဝန်းကျင် ညစ်ညမ်းစေ၍ အလဟဿ ပြုန်းတီးစေသည့် အသုံးပြုမှုများအား လျှော့ချရန် အားပေးတိုက်တွန်းခြင်း အားဖြင့် ကမ္ဘာမြေ၏ သဘာဝ ပတ်ဝန်းကျင် ယိုယွင်းလာမှုကို တားဆီးရန် နှင့် လူသား နှင့် သဘာဝပတ်ဝန်းကျင် ဟန်ချက်ညီ ရှင်သန်နေထိုင်သော အနာဂတ်တစ်ခု တည်ဆောက်ရေး ဖြစ်သည်။ ပိုမိုသိရှိနိုင်ရန် panda.org တွင် လေ့လာနိုင်ပါသည်။

### GLOBESCAN

GlobeScan သည် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုရယူသူများအား ၎င်းတို့၏ လုပ်ငန်းနှင့် သက်ဆိုင်သူများ ကြားရေရှည် ယုံကြည်ရသော ဆက်ဆံရေး တည်ဆောက်နိုင်စေရန် အလေးထား ကူညီ ဆောင်ရွက်နေသော အသိပညာပေးခြင်းနှင့် နည်းဗျူဟာဆိုင်ရာ အတိုင်ပင်ခံလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ကျွမ်းကျင်ပညာရှင်များဖြင့် သုတေသနနှင့် အကြံပေးဝန်ဆောင်မှုမျိုးစုံကို ပံ့ပိုးပေးခြင်းဖြင့် ကျွန်ုပ်တို့သည် နာမည်ဂုဏ်သတင်း၊ ပတ်ဝန်းကျင်ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းနှင့် ရည်ရွယ်ချက်အသီးသီးရှိ ဗျူဟာမြောက် ရည်မှန်းချက်များ ဖြစ်မြောက်အောင်မြင်ရေးအတွက် စီးပွားရေးလုပ်ငန်းများ၊ NGO များ၊ အစိုးရ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။ ၁၉၈၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် GlobeScan သည် ကိပ်တောင်း၊ ဟောင်ကောင်၊ လန်ဒန်၊ ပဲရစ်၊ ဆန်ဖရန်စစ္စကို၊ ဆာအိုပေါ်လိုနှင့် တိုရွန်တိုတွင် ရုံးများ တည်ရှိပြီး UN Global ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့် Certified B ကော်ပိုရေးရှင်းတစ်ခုဖြစ်ပါသည်။

WWF – ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့ (ယခင် ကမ္ဘာ့ တောရိုင်းတိရစ္ဆာန် ရန်ပုံငွေအဖွဲ့)၊ ဂလန်းမြို့၊ ဆွစ်ဇာလန်နိုင်ငံက ၂၀၂၀ ဧပြီလတွင် ထုတ်ဝေသည်။

အပြည့်အစုံဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ပြန်လည်ထုတ်ဝေမှုမှန်သမျှတွင် အထက်ဖော်ပြပါ ထုတ်ဝေသူကို မူပိုင်ခွင့်ပိုင်ရှင်အဖြစ် အမည်တပ်၍ အသိအမှတ်ပြုပေးရပါမည်။

© Text 2020 WWF

မူပိုင်ခွင့်အားလုံး မှတ်ပုံတင်ထားပြီး ဖြစ်သည်။

Design: Ender Ergün

**WWF International**

Avenue du Mont-Blanc
1196 Gland, Switzerland
**www.panda.org**

**GLOBESCAN**

145 Front Street East Suite 208
Toronto, ON Canada M5A 1E3
**www.globescan.com**

# နိဒါန်းနှင့် နည်းစနစ်

တရုတ်နိုင်ငံ၊ ဟူဘေးပြည်နယ်၊ ဝူဟန်မြို့၌ စတင်ခဲ့သည်ဟု သံသယရှိသော နိုဗယ် ကိုရိုနာဗိုင်းရပ်စ် သို့မဟုတ် COVID-19 သည် ယနေ့ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါတစ်ခု ဖြစ်လာပါသည်။ ကိုရိုနာဗိုင်းရပ်စ် စတင် ပျံ့ပွားရာ ရင်းမြစ်တစ်ခုဖြစ်ဖွယ် ရှိသည့် တရားမဝင်နှင့် ကြီးကြပ် အရေးယူမှုမှ လွတ်ကင်းနေသော တောရိုင်းတိရစ္ဆာန် ဈေးကွက်များနှင့် ပတ်သက်၍ WWF သည် COVID-19 ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ပွားမှုအတွင်း တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသော ဈေးကွက် အားလုံးကို ပိတ်သိမ်းရန် လူအများ၏ထောက်ခံမှု သဘောထားများကို အကဲဖြတ်ပြီး ပိုမိုနားလည်လာနိုင်ရန်အလို့ငှာ ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ၊ ဂျပန်၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ အများပြည်သူတို့ကို စစ်တမ်းကောက်ယူရန် GlobeScan ကို တာဝန်ပေးခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် မတ်လ ၃ ရက်နှင့် ၁၁ ရက်ကြားတွင် GlobeScan သည် ဈေးကွက် ၅ ခုရှိ ဈေးကွက် တစ်ခုစီတွင် ဖြေဆိုသူ အယောက် ၁၀၀၀ နှင့် စုစုပေါင်း ဖြေဆိုသူ အယောက် ၅၀၀၀ ကို မေးမြန်းခဲ့ပါသည်။ ဖြေဆိုသူများကို အလျဉ်းသင့်သလို ရွေးချယ်ထားခြင်း ဖြစ်ပြီး ၎င်းတို့သည် ဈေးကွက် အလိုက် အွန်လိုင်း အသုံးပြုသူများအနက် ကျား/မနှင့် အသက်အရွယ် အမျိုးမျိုးကို ကိုယ်စားပြုပါသည်။ မြန်မာနိုင်ငံသည် သုတေသန ဈေးကွက်အသစ်ဖြစ်သောကြောင့် အွန်လိုင်း အသုံးပြုသူများတွင် လူငယ်ဦးရေက ပိုများပါသည်။

ဖြေဆိုသူများအား ၎င်းတို့နှင့် သက်ဆိုင်သည့် ဈေးအသီးသီးရှိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှင့် ပတ်သက်၍ ၎င်းတို့၏ သဘောထားများအပြင် တရားမဝင်၊ စည်းမဲ့ကမ်းမဲ့ ဖြစ်နေသော ဈေးများတွင် တောရိုင်းတိရစ္ဆာန်များ ရောင်းချနေခြင်းအပေါ် ၎င်းတို့၏ အမြင်များကို မေးမြန်းခဲ့ပါသည်။ ဤစစ်တမ်းကောက်ခံရာတွင် 'တောရိုင်းတိရစ္ဆာန်များ' ဆိုသည့် စကားရပ်ကို အိမ်မွေးတိရစ္ဆာန် သို့မဟုတ် မွေးမြူရေး ကုန်းနေသတ္တဝါ မဟုတ်သော (အင်းဆက်ပိုးမွှားနှင့် ရေနေသတ္တဝါလည်း မဟုတ်သော) တိရစ္ဆာန်များအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

# စစ်တမ်းကောက်ခဲ့သည့် အာရှဈေးကွက် ၅ ခုလုံးအပေါ် ခြုံငုံသုံးသပ်ချက်

## ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှင့် ပတ်သက်၍ ယေဘုယျ စိုးရိမ်ပူပန်မှုအဆင့်

အခြေခံ - COVID-19 အကြောင်း သိရှိသူများအနက် %




စုစုပေါင်း (ဈေးကွက် ၅ ခု) (n=4951)







တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသော တောရိုင်းတိရစ္ဆာန် ဈေးကွက်များကို ပိတ်ရန် အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာနများ၏ ကြိုးပမ်းအားထုတ်မှုကို အားပေးကူညီရန် ဖြစ်နိုင်ခြေ

အခြေခံ - COVID-19 အကြောင်း သိရှိသူများအနက် %




စုစုပေါင်း (ဈေးကွက် ၄ ခု)




**စာဖတ်သူ မှတ်သားရန် -**

ဂျပန်နိုင်ငံမှလွဲ၍ ဈေးကွက်အားလုံးတွင် စစ်တမ်းကောက်ယူခဲ့သည့် လူဦးရေ 90% နှင့် အထက်သည် ၎င်းတို့နိုင်ငံအတွင်းရှိ တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသော တောရိုင်းတိရစ္ဆာန် ဈေးကွက်များကို ပိတ်ရန် အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုကို အားပေးကူညီရန် အလွန်ဖြစ်နိုင် သို့မဟုတ် ဖြစ်နိုင်ဟု ဖြေကြသည်။ သို့သော်လည်း ဂျပန်နိုင်ငံ၌ ဖြေဆိုသူ ၅၉% က ၎င်းတို့၏ နိုင်ငံအတွင်း ယင်းကဲ့သို့ ဈေးများ မရှိကြောင်း ဆိုခဲ့သည်။ ဂျပန်နိုင်ငံတွင် တောရိုင်းတိရစ္ဆာန် ဈေးကွက်များ ပျံ့နှံ့တည်ရှိနေမှု မရှိပါ။ ယင်းအချက်က အဘယ်ကြောင့် ၅၄% ကသာ အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အားပေးကူညီရန် ဖြစ်နိုင်ခြေရှိသည်ဟု ဖြေဆိုခဲ့ရသည်ကို ရှင်းပြနိုင်ပါသည်။

ဤအချက်ကြောင့် တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသော တောရိုင်းတိရစ္ဆာန် ဈေးကွက်များ ပိတ်ခြင်းနှင့် ပတ်သက်သည့် မေးခွန်းများအတွက် ဇယားများတွင် အခြား ဈေးကွက် 4 ခုမှ ရလဒ်များသာ ပါဝင်ပြီး ဂျပန်အတွက် မေးခွန်းရလဒ်များမှာ သက်ဆိုင်ခြင်းမရှိသဖြင့် ဤစုစုပေါင်းရလဒ်တွင် ဂျပန် မပါဝင်ပါ။







တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသော တောရိုင်းတိရစ္ဆာန် ဈေးကွက်များကို ပိတ်လိုက်ခြင်းဖြင့် နောင်အနာဂတ်တွင် အလားတူ ကပ်ရောဂါ ဖြစ်ပွားခြင်းမရှိအောင် ထိရောက်စွာ တားဆီးနိုင်မည်ဟု ရှုမြင်မှု

အခြေခံ - COVID-19 အကြောင်း သိရှိသူများအနက် %




စုစုပေါင်း (ဈေးကွက် ၅ ခု)







လွန်ခဲ့သော ၁၂ လအတွင်း ပေါ်ပေါ်ထင်ထင် ရောင်းဝယ်နေသည့် တောရိုင်းတိရစ္ဆာန် ဈေးကွက် တစ်ခုမှ တောရိုင်းတိရစ္ဆာန်ထုတ်ကုန်များကို (ဖြေဆိုသူ သို့မဟုတ် ၎င်းနှင့်သိသူ တစ်ဦးဦးက) ဝယ်ယူခဲ့မှု

အခြေခံ - ဖြေဆိုသူအားလုံးအနက် %




စုစုပေါင်း (ဈေးကွက် ၅ ခု)



**လွန်ခဲ့သော ၁၂ လအတွင်း တောရိုင်းတိရစ္ဆာန်များကို ပေါ်ပေါ်ထင်ထင် ရောင်းဝယ်သည့် ဈေးတစ်ခုတွင် (ဖြေဆိုသူ သို့မဟုတ် ၎င်းနှင့်သိသူ တစ်ဦးဦးက) ဝယ်ယူခဲ့သည့် တောရိုင်းတိရစ္ဆာန် မျိုးစိတ် အမျိုးအစား – စုစုပေါင်း ဈေးကွက် ၅ ခု (n=443)**

အခြေခံ - လွန်ခဲ့သော 12 လအတွင်း တောရိုင်းတိရစ္ဆာန်ထုတ်ကုန်များကို ဝယ်ယူသူများအနက် %




**၈၄%**
**ဝယ်နိုင်ခြေ နည်း သို့မဟုတ် အလွန်နည်း**

**နောင်အနာဂတ်တွင် တောရိုင်းတိရစ္ဆာန်များကို ပေါ်ပေါ်ထင်ထင် ရောင်းဝယ်နေသော ဈေးများမှ တောကောင်သားများကို ဝယ်ယူနိုင်ခြေ**

COVID-19 အကြောင်း သိရှိသူများအနက် %




**နောင်တွင် လက်ရှိ တောရိုင်းတိရစ္ဆာန် ဈေးကွက်များကို ပိတ်လိုက်ပါက တောကောင်သားများကို ဝယ်ယူနိုင်မည့် အခြားလမ်းကြောင်းများ (အဖြေများသည့် ရွေးချယ်ဖွယ် ၃ ခု)**

နောင်တွင် တောကောင်သားများကို ဝယ်ယူနိုင်ခြေ ရှိသူများအနက်၊ %




**၈၇%**
**စားသုံးမှုမရှိ**

**တောရိုင်းတိရစ္ဆာန် ထုတ်ကုန်များ စားသုံးခြင်းအပေါ် ကိုရိုနာဗိုင်းရပ်စ်၏ သက်ရောက်မှု**

အခြေခံ - COVID-19 အကြောင်း သိရှိသူများအနက် %



# OPINION SURVEY ON COVID-19 AND WILDLIFE TRADE IN 5 ASIAN MARKETS: HONG KONG SAR

**94%** ARE LIKELY TO SUPPORT THE CLOSURE OF ALL ILLEGAL AND UNREGULATED MARKETS SELLING WILDLIFE

**78%** responded that they are extremely or very worried about the outbreak of the coronavirus. Females were more worried (81%), and people with children even more so (82%). People under the age of 41 (averaging at 81%) were found to be more worried about the coronavirus than those older than 41 (averaging at 75%).

**THE TOP 3** most important institutions to combat the coronavirus outbreak were perceived to be, in ranking order: medical professionals (51%), the municipality/local government (49%) and fellow citizens (44%). Medical professionals are also the most trusted to combat the coronavirus outbreak (70%), followed by scientific/academic research institutions (49%) and the municipality/local government (32%).

**80%** believed that a closure of the illegal and unregulated markets selling animals coming from the wild would prevent similar pandemic diseases from happening in the future. If no measures are taken to close these markets or to strictly regulate them, 85% claimed that they would be extremely worried or very worried that a similar pandemic outbreak could happen in the future.

**94%** were very likely or likely to support efforts by governments and health ministries to close all illegal and unregulated markets selling wildlife. They were also willing to support initiatives and efforts by: stopping eating wildlife products and bushmeat (meat from wild/non-farmed) animals (51%), convincing others not to buy/eat wildlife products and bushmeat (meat from wild/non-farmed) animals (46%) and by sharing news related to wildlife markets online via social media (42%).

**4%** claimed that they or someone they know purchased wildlife products in open wildlife markets in the past 12 months. These buyers were mostly males (69%) and aged 56+ (49%). The main wildlife species they bought were snakes (58%), civet cats (46%) and pangolins (35%).

**91%** are unlikely or very unlikely to buy wildlife products in illegal and unregulated markets selling animals coming from the wild in the future.



# OPINION SURVEY ON COVID-19 AND WILDLIFE TRADE IN 5 ASIAN MARKETS: JAPAN

**54%** ARE LIKELY TO SUPPORT THE CLOSURE OF ALL ILLEGAL AND UNREGULATED MARKETS SELLING WILDLIFE

**76%** responded that they are extremely or very worried about the outbreak of the coronavirus. Females were more worried (81%), as well as people with children (79%). People aged 21-30 (82%) and 61 or older (81%) were more worried about the coronavirus outbreak.

**THE TOP 3** most important institutions to combat the coronavirus outbreak were perceived to be, in ranking order: national government (73%), medical professionals (43%) and fellow citizens (43%). When it comes to the most trusted institutions to combat the coronavirus outbreak, respondents answered, in ranking order: national government (55%), medical professionals (51%) and the municipality/local government (39%).

**72%** believed that a closure of illegal and unregulated markets selling animals coming from the wild would prevent similar pandemic diseases from happening in the future. If no measures are taken to close these markets or to strictly regulate them, 65% claimed that they would be extremely worried or very worried that a similar pandemic outbreak could happen in the future.

**54%** were very likely or likely to support the efforts by governments and health ministries to close all illegal and unregulated markets selling wildlife. Although this is low compared to other markets, this could be because 59% mentioned that there are no such markets in Japan. Respondents were willing to support initiatives and efforts by stopping eating wildlife products and bushmeat (meat from wild/non-farmed) animals (28%), convincing others not to buy/eat wildlife products and bushmeat (meat from wild/non-farmed) animals (27%) and by stopping visiting and buying in these markets (26%).

**2%** claimed that they or someone they know purchased wildlife products in open wildlife markets (most likely overseas) in the past 12 months, although Japan doesn't have illegal and unregulated markets selling wildlife. These buyers tended to be male (52%) and between 18-35 years old (47%). The main wildlife species they bought were bats (33%), snakes (24%) and turtles (19%).

**85%** are unlikely or very unlikely to buy wildlife products in illegal and unregulated markets in the future.

# အာရှဈေးကွက် ၅ ခုတွင် COVID-19 နှင့် တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုဆိုင်ရာ သဘောထားစစ်တမ်း - မြန်မာ



# ၉၆%

**က တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသော တောရိုင်းတိရစ္ဆာန် ဈေးကွက်များ အားလုံး ပိတ်သိမ်းရန် အားပေး ကူညီဖွယ် ရှိသည်။**

**၇၉%** က ၎င်းတို့အနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခြင်းနှင့် ပတ်သက်၍ အလွန့်အလွန် သို့မဟုတ် အလွန်စိုးရိမ်ပူပန်သည်ဟု ဖြေဆိုခဲ့သည်။ အမျိုးသမီးများ (၈၅%) နှင့် အသက် ၄၁ နှစ်နှင့် အထက်ရှိသူများ (၉၆%) က ပို၍ စိုးရိမ်ကြသည်။

**ထိပ်တန်း ၃ ခု** အဖြစ် နိုင်ငံတော်အစိုးရ (၄၅%)၊ နိုင်ငံသားများ (၄၁%) နှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ (၄၀%) တို့ကို ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကို တိုက်ဖျက်ရန် အရေးအကြီးဆုံး အဖွဲ့အစည်းများဟု အစဉ်အတိုင်း ယူဆထားကြသည်။ အလားတူပင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကို တိုက်ဖျက်ရန် အယုံကြည်ရဆုံး အဖွဲ့အစည်းများကို မေးမြန်းရာ၌ ဖြေဆိုသူများ၏ အစဉ်လိုက် အဖြေမှာ - နိုင်ငံတော်အစိုးရ (၄၁%)၊ နိုင်ငံသားများ (၃၉%)၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် သိပ္ပံ/ပညာရပ်ဆိုင်ရာ သုတေသန အဖွဲ့အစည်းများ (၃၇%) ဖြစ်သည်။

**၉၁%** က တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသည့် တောရိုင်းတိရစ္ဆာန် ဈေးကွက်များကို ပိတ်သိမ်းခြင်းသည် နောင်အနာဂတ်တွင် အလားတူ ကပ်ရောဂါများ မဖြစ်ပွားအောင် တားဆီးပေးနိုင်မည်ဟု ယုံကြည်ကြသည်။ ဤဈေးများကို ပိတ်ရန် သို့မဟုတ် ၎င်းတို့ကို ကြပ်ကြပ်မတ်မတ် စည်းကမ်းသတ်မှတ်ရန် မည်သည့် စီမံချက်ကိုမျှ ဆောင်ရွက်ခြင်း မရှိပါက ၎င်းတို့အနေဖြင့် နောင်အနာဂတ်တွင် အလားတူ ကပ်ရောဂါ ဖြစ်ပွားနိုင်ခြေနှင့် ပတ်သက်၍ အလွန့်အလွန် သို့မဟုတ် အလွန် စိုးရိမ်ပူပန်မိကြောင်း ၈၃% က ဖြေဆိုခဲ့သည်။

**၉၆%** က တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသည့် တောရိုင်းတိရစ္ဆာန် ဈေးကွက်များ အားလုံးကို ပိတ်ရန် အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုများကို အားပေးကူညီရန် အလွန်ဖြစ်နိုင် သို့မဟုတ် ဖြစနိုင်ခြေ ရှိသည်။ (၇၇%) က လူမှုမီဒီယာမှတစ်ဆင့် တောရိုင်းတိရစ္ဆာန် ဈေးကွက်များနှင့် ပတ်သက်သည့် သတင်းများကို မျှဝေခြင်း၊ (၇၆%) က လူမှုမီဒီယာမှတစ်ဆင့် သက်ဆိုင်ရာ အွန်လိုင်းမှ လှုံ့ဆော် အသိပညာပေးမှုများကို မျှဝေခြင်း၊ (၇၅%) စီက တောရိုင်းတိရစ္ဆာန် ထုတ်ကုန်များနှင့် တောကောင်သားများ (မွေးမြူရေး မဟုတ်သည့် တောရိုင်းတိရစ္ဆာန်မှရသော အသား) စားသုံးခြင်းကို ရပ်တန့်ခြင်းနှင့် အခြားသူများအား တောရိုင်းတိရစ္ဆာန်ထုတ်ကုန်များနှင့် တောကောင်သားများ (မွေးမြူရေး မဟုတ်သည့် တောရိုင်းတိရစ္ဆာန်မှရသော အသား) ကို မဝယ်ရန်/မစားရန် လှုံ့ဆော်စည်းရုံးခြင်းဖြင့် စီမံကိန်းများနှင့် ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးကူညီပေးလိုစိတ် ရှိကြသည်။

**၈%** က ကိုယ်တိုင် သို့မဟုတ် ၎င်းတို့နှင့်သိသူတစ်ဦးသည် တောရိုင်းတိရစ္ဆာန်များကို ပေါ်ပေါ်ထင်ထင် ရောင်းဝယ်သော ဈေးများတွင် တောကောင်သားများကို လွန်ခဲ့သော ၁၂ လအတွင်းက ဝယ်ယူခဲ့သည်ဟု ဖြေဆိုခဲ့သည်။ ဤကဲ့သို့ ဝယ်ယူသူအများစုအနက် (၅၆%) သည် အမျိုးသားများဖြစ်ပြီး (၆၄%) သည် အသက် ၁၈ နှစ်နှင့် ၃၅ နှစ်ကြား ရှိသူများ ဖြစ်ကြသည်။ ၎င်းတို့ အဓိက ဝယ်ယူခဲ့သော တောရိုင်းတိရစ္ဆာန် မျိုးစိတ်များမှာ ငှက်အရှင် (၄၃%)၊ မြွေ (၃၁%) နှင့် ကြောင်ကတိုး (၂၆%) ဖြစ်သည်။

**၈၀%** က နောင်အနာဂတ်တွင် တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသည့် ဈေးများမှ တောကောင်သားများ ဝယ်ယူနိုင်ခြေ နည်း သို့မဟုတ် အလွန်နည်းကြောင်း တွေ့ရသည်။



# OPINION SURVEY ON COVID-19 AND WILDLIFE TRADE IN 5 ASIAN MARKETS: THAILAND



# 90%

**ARE LIKELY TO SUPPORT THE CLOSURE OF ALL ILLEGAL AND UNREGULATED MARKETS SELLING WILDLIFE**

**86%** responded that they are extremely or very worried about the outbreak of the coronavirus. Females were more worried (88%), as well as people with children (88%). People aged 40 or under (90%) were also found to be more worried about the coronavirus outbreak.

**THE TOP 3** most important institutions to combat the coronavirus outbreak were perceived to be, in ranking order: national government (61%), medical professionals (52%) and fellow citizens (42%). However, when it comes to the most trusted institutions to combat the coronavirus outbreak, respondents answered, in ranking order: medical professionals (65%), scientific/academic research institutions (50%) and national government (45%).

**79%** believed that a closure of illegal and unregulated markets selling animals coming from the wild would prevent similar pandemic diseases from occurring in the future. If no measures are taken to close these markets or to strictly regulate them, 80% claimed that they would be extremely worried or very worried that a similar pandemic outbreak could happen in the future.

**90%** were very likely or likely to support the efforts by governments and health ministries to close all illegal and unregulated markets selling wildlife. They were also willing to support initiatives and efforts by no longer eating wildlife products and bushmeat (meat from wild/non-farmed) animals (62%), sharing news related to wildlife markets online via social media (57%) and by convincing others not to buy/eat wildlife products and bushmeat (meat from wild/non-farmed) animals (56%).

**15%** claimed that they or someone they know purchased wildlife products in open wildlife markets in the past 12 months. These buyers were mostly males (55%) and aged between 18-35 years old (46%). The main wildlife species they bought were live birds (59%), snakes (37%) and bats (30%).

**85%** are unlikely or very unlikely to buy wildlife products in illegal and unregulated markets in the future.

# OPINION SURVEY ON COVID-19 AND WILDLIFE TRADE IN 5 ASIAN MARKETS: VIETNAM





**90%**

**ARE LIKELY TO SUPPORT THE CLOSURE OF ALL ILLEGAL AND UNREGULATED MARKETS SELLING WILDLIFE**

**88%** responded that they are extremely or very worried about the outbreak of the coronavirus. Females were more worried (92%), as well as people aged 41-60 (91%).

**THE TOP 3** most important institutions to combat the coronavirus outbreak were perceived to be, in ranking order: national government (51%), medical professionals (50%) and the municipality/ local government (40%). When it comes to the most trusted institutions to combat the coronavirus outbreak, respondents answered, in ranking order: medical professionals (55%), national government (52%) and United Nations (40%).

**73%** believed that a closure of illegal and unregulated markets selling animals coming from the wild would prevent similar pandemic diseases from happening in the future. And 72% believed that the same measurement for illegal and unregulated restaurants selling wildlife would contribute to prevention as well. If no measures are taken to close these markets or to strictly regulate them, 83% claimed that they would be extremely worried or very worried that a similar pandemic outbreak could happen in the future.

**90%** were very likely or likely to support the efforts by governments and health ministries to close all illegal and unregulated markets that are selling wildlife. And 91% have the same kind of support to close illegal and unregulated restaurants selling wildlife. They were also willing to support initiatives and efforts by sharing relevant campaigns online via social media (56%), stopping the consumption of wildlife products and bushmeat (meat from wild/non-farmed) animals (49%) and by convincing others not to buy/eat wildlife products and bushmeat (meat from wild/ non-farmed) animals (49%).

**15%** claimed that they or someone they know purchased wildlife products in open wildlife markets in the past 12 months. These buyers were mostly males (55%) and aged between 36-45 years old (37%). The main wildlife species they bought were live birds (48%), snakes (28%) and bats (23%).

**82%** are unlikely or very unlikely to buy wildlife products in illegal and unregulated markets in the future.



# တွေ့ရှိချက်များ

စစ်တမ်းအရ တောရိုင်းတိရစ္ဆာန်များနှင့် COVID-19 ကဲ့သို့သော ကပ်ရောဂါဆိုး ကူးစက်ပြန့်ပွားမှုတို့အကြား ဆက်နွယ်မှုရှိကြောင်းကို ဖြေဆိုသူများ ကောင်းစွာ နားလည်သဘောပေါက်ကြောင်း တွေ့ရှိရပါသည်။

တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသည့် တောရိုင်းတိရစ္ဆာန် ဈေးကွက်များ ပပျောက်စေရေး အရှေ့တောင်အာရှတလွှား အစိုးရ၏ ဆောင်ရွက်မှုများကို တစ်ကမ္ဘာလုံးနီးပါးမှ ပံ့ပိုးကူညီပေးနေသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုသို့သော ကြိုးစားအားထုတ်မှုများသည် အနာဂတ်တွင် ယခုလိုမျိုး ရောဂါကူးစက်ပြန့်ပွားကို ကူညီ တားဆီးပေးနိုင်မည့် ထိရောက်သော ဆောင်ရွက်ချက်ဖြစ်သည်ဟု ဖြေဆိုသူ ၇၉% က ထင်မြင်ကြပါသည်။ (၅၅%) သော ဖြေဆိုသူများက တောရိုင်းတိရစ္ဆာန် အသားများကို မစားခြင်းဖြင့်သော်လည်းကောင်း၊ (၅၃%) က တောရိုင်းတိရစ္ဆာန် အသားများကို ဝယ်မစားကြရန် အခြားသူများကို စည်းရုံးသိမ်းသွင်းခြင်းဖြင့် သော်လည်းကောင်း၊ (၅၀%) က သက်ဆိုင်ရာ စည်းရုံးလှုံ့ဆော်ပွဲများနှင့် သတင်းများ မျှဝေခြင်းဖြင့် သော်လည်းကောင်း၊ (၄၉%) က တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ မျှဝေခြင်းဖြင့် သော်လည်းကောင်း ဤဈေးကွက်များ ပိတ်သိမ်းရေးကို ပံ့ပိုးကူညီမည်ဖြစ်ကြောင်း ဆိုပါသည်။

နောင်တွင် ပေါ်ပေါ်ထင်ထင် ရောင်းချနေသည့် ဈေးကွက်များမှ တောရိုင်းတိရစ္ဆာန်ထုတ်ကုန်များကို ဝယ်ယူနိုင်ခြေရှိသည် ဆိုသော ဖြေဆိုသူများအနက် ၄၁% က ထိုဈေးကွက်များ ပိတ်သိမ်းသွားပါက မည်သည့် တောရိုင်းတိရစ္ဆာန်ထုတ်ကုန်ကိုမျှ အခြား မည်သည့်နေရာကမျှ ဝယ်ယူမည်မဟုတ်ဟု ဖြေခဲ့ကြသောကြောင့် အဆိုပါ အဟန့်အတားများက ထိရောက်နိုင်သည့် အလားအလာရှိကြောင်း ညွှန်ပြလျှက် ရှိပါသည်။

အန္တရာယ်များလှသော တောရိုင်းတိရစ္ဆာန် ဈေးကွက်များကို ပိတ်ရန် မည်သည်ကိုမျှ မဆောင်ရွက်ခဲ့သည်ရှိသော် ဈေးကွက် ၅ ခုလုံးမှ ဖြေဆိုသူ ၁၀ ဦးတွင် ၈ ဦးက အနာဂတ်တွင် အလားတူ ကူးစက်ပြန့်ပွားမှုမျိုး ထပ်ဖြစ်မည်ကို အလွန့်အလွန် သို့မဟုတ် အလွန်စိုးရိမ်ကြောင်း ဖြေဆိုခဲ့ပါသည်။

တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသည့် တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုအား ထိရောက်စွာ နှိမ်နင်းခြင်းသည် အနာဂတ်တွင် တိရစ္ဆာန်မှတစ်ဆင့် လူသို့ ကူးစက်ပြန့်ပွားတတ်သော ကပ်ရောဂါဆိုးများ ဖြစ်နိုင်ခြေ လျော့ပါးစေရေးနှင့် လူသားတို့၏ ကိုယ်၊ စိတ်နှစ်ပါး ချမ်းသာရေးနှင့် ဘဝပေါင်းများစွာကို ကာကွယ်နိုင်ရေးအတွက် အရေးကြီးလှပါသည်။ ထိုသို့သော တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသည့် ဈေးကွက်များကို ပိတ်သိမ်းလိုက်ခြင်းဖြင့် အနာဂတ်တွင် တောရိုင်းတိရစ္ဆာန်ထုတ်ကုန်များ ဝယ်ယူနေမှု အတော်အတန် လျော့ကျသွားလိမ့်မည်ဟု မျှော်မှန်းရပါသည်။ ထိုမှတစ်ဆင့် တရားမဝင်နှင့် ရေရှည်သက်ရောက်မှုကိုမကြည့်သော တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုအပေါ်လည်း သက်ရောက်မှု ရှိမည် ဖြစ်ပါသည်။

ရေရှည်မစဉ်းစားဘဲ တောရိုင်းတိရစ္ဆာန်များကို ရောင်းဝယ်ဖောက်ကားနေခြင်းသည် နေရင်းဒေသများ ပျက်ဆီးရခြင်းပြီးလျှင် ကမ္ဘာအနှံ့ရှိ ဇီဝမျိုးစုံမျိုးကွဲများအပေါ် တိုက်ရိုက်သက်ရောက်မှု ဒုတိယ အကြီးဆုံး ဖြစ်သည်။ WWF သည် ၎င်း၏ တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်အတူ ကမ္ဘာ့ကျန်းမာရေး ကျွမ်းကျင်ပညာရှင်များကို စုဝေးစေကာ ၎င်းတို့နေထိုင်ရာ နိုင်ငံများတွင် တိရစ္ဆာန်မှတစ်ဆင့် လူသို့ ကူးစက်ပြန့်ပွားတတ်သော ကပ်ရောဂါများ ရပ်တန့်နိုင်ရေး ကူညီပေးရန် ဆောင်ရွက်လျှက်ရှိသည့်အပြင် တရားမဝင်နှင့် ကြီးကြပ်အရေးယူမှုမှ လွတ်ကင်းနေသည့် တောရိုင်းတိရစ္ဆာန် ဈေးကွက်များကို ပိတ်သိမ်းနိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်းတစ်ခုအဖြစ် လက်တွဲပူးပေါင်း ဆောင်ရွက်လျှက် ရှိပါသည်။

# Opinion Survey on Covid-19 and Wildlife Trade in 5 Asian Markets

100%
RECYCLED

## 93%

likelihood of supporting governments to close all illegal and unregulated markets.

## 79%

perceived effectiveness of closure of markets where wild animals are sold.



## 9%

either purchased or know someone that purchased wildlife products in the past 12 months.

## 84%

unlikely to buy wildlife products in open markets again.

WWF

**Why we are here**

To stop the degradation of the planet's natural environment and to build a future in which people live in harmony with nature.

panda.org

© 1986 Panda symbol WWF – World Wide Fund For Nature (Formerly World Wildlife Fund)
® "WWF" is a WWF Registered Trademark. WWF, Rue Mauverney 28,
1196 Gland, Switzerland – Tel. +41 22 364 9111; Fax. +41 22 364 0332. For contact details
and further information, visit our international website at panda.org